## အကြမ်းဖက်မှုများနှင့်ပတ်သက်သည်ဟု စစ်အစိုးရစွပ်စွဲချက်အပေါ် သံဃာ့ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ တုံ့ပြန်
၃ ဒီဇင်ဘာ ၂၀၀၇

ပြီးခဲ့တဲ့လပိုင်းတွေအတွင်း မြန်မာနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ သံဃာထုနဲ့ လူထုလှုပ်ရှားမှုအတွင်းမှာ လက်နက်တွေ သိမ်းဆည်းထားတာ တွေ့ရတဲ့သူတွေ၊ အကြမ်းဖက်သူတွေကို အရေးယူမယ်လို့ မြန်မာစစ်အစိုးရက ပြောဆိုခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီပြောဆိုချက်ဟာ ငြိမ်းချမ်းစွာဆန္ဒပြသူတွေကို အပြစ်ရှာဖို့ အကြောင်းပြတာလို့ သံဃာတော်တွေက တုံ့ပြန်ပြောဆိုပါတယ်။ အကြောင်းစုံကို ကိုသိန်းထိုက်ဦးက တင်ပြပေးထားပါတယ်။

လက်နက်တွေသိမ်းခဲ့တယ်၊ အကြမ်းဖက်မှုတွေနဲ့ပတ်သက်တယ်လို့ စွပ်စွဲခံရတဲ့သူတွေထဲမှာ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် နန်းဦးကျောင်းတိုက်မှာ သီတင်းသုံးခဲ့တဲ့ လက်ရှိ ထိုင်း–မြန်မာနယ်စပ်ကိုရောက်လာတဲ့ ဆရာတော် ဦးကောဝိဒလည်း ပါဝင်ပါတယ်။ သူဟာ မကြာသေးခင်က ပေါ်ပေါက်ခဲ့တဲ့ သံဃာ့လှုပ်ရှားမှုတွေကြား ဦးဆောင်ခဲ့တဲ့ သံဃာ့ကိုယ်စားလှယ်အဖွဲ့ရဲ့ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ဖောက်ခွဲရေးပစ္စည်းတွေရဲ့ ပိုင်ရှင်အဖြစ် စွပ်စွဲခံခဲ့ရတဲ့ ဆရာတော် ဦးကောဝိဒက ဒီနေ့ မြန်မာစစ်အစိုးရက အကြမ်းဖက်တဲ့လက်နက်တွေ သံဃာတော်တွေက သိမ်းထားတယ်လို့ ပြောဆိုချက်နဲ့ပတ်သက်လို့ အခုလို မိန့်ကြားပါတယ်။

> "သံဃာထုထဲမှာ ဦးဆောင်ခဲ့တဲ့သံဃာတပါးကို ထိရောက်စွာအရေးယူမယ်ဆိုပြီးတော့ အောက်တိုဘာ ၆ ရက်နေ့ စနေနေ့ထုတ် ကြေးမုံသတင်းစာမှာ ဒီသံဃာအပါး ၂၀ ရဲ့နာမည်တွေ ပါလာပါတယ်။ အဲဒီတော့ ဦးဇင်းတို့ရဲ့ ငြိမ်းချမ်းစွာလမ်းလျှောက်တဲ့ပွဲကို နိုင်ငံတကာကလည်း ထောက်ခံတယ်၊ ပြည်သူတွေကလည်းထောက်ခံတယ်ဆိုတော့ သူတို့က အရေးယူမယ့်ဟာကို ခေါင်းဆောင်တဲ့သံဃာပိုင်းကို ထိရောက်စွာအရေးယူချင်တဲ့အတွက်ကြောင့် အခုလို နိုင်ငံတကာကို ဒီသံဃာတော်တွေ အကြမ်းဖက်ပါတယ်ဆိုတာကို သူတို့က ပြချင်တဲ့အတွက်ကြောင့် လက်နက်မှုတွေနဲ့စွပ်စွဲတယ်လို့ ဦးဇင်းအနေနဲ့ ပြောချင်တယ်"

ငြိမ်းချမ်းစွာဆန္ဒပြသူတွေကို အရေးမယူပါဘူးလို့ စစ်အစိုးရဘက်ကပြောပေမယ့် အခုအချိန်အထိ ဆန္ဒပြပွဲမှာ ငြိမ်းငြိမ်းချမ်းချမ်းပါဝင်ခဲ့သူတွေ အဖမ်းခံနေရဆဲဖြစ်တယ်လို့ လူ့အခွင့်အရေးအဖွဲ့တွေက ပြောပါတယ်။ ဒီကြားထဲမှာ ပျောက်ဆုံးနေသူတွေနဲ့ပတ်သက်လို့ အရေးယူဖြေရှင်းပေးတာမျိုးတွေလည်း မရှိသေးပါဘူး။ ဆန္ဒပြပွဲတွေအတွင်း ဖမ်းဆီးခံထားရသူတွေ၊ ပျောက်ဆုံးနေတဲ့အကြောင်း ပြောဆိုနေတဲ့ မိသားစုဝင်တွေလည်း ရှိနေဆဲပါပဲ။ သံဃာ့ကိုယ်စားလှယ်အဖွဲ့ရဲ့ဥက္ကဋ္ဌ ဦးကောဝိဒကတော့ အကြမ်းဖက်မှုတွေ ပေါ်ပေါက်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ ပတ်သက်လို့ ...

> "အကြမ်းဖက်မှုတွေရှိတယ်၊ မရှိတယ်ဆိုတာ ဦးဇင်းအနေနဲ့ ဘာမှပြောစရာမလိုဘူး၊ နိုင်ငံတကာကလည်း အမြင်ပဲလေ။ ဘုန်းကြီးတွေက ဘယ်လောက်အထိ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လုပ်ဆောင်ခဲ့တယ်ဆိုတာ ဦးဇင်းအနေနဲ့ ဘာမှပြောစရာမလိုဘူး။ နိုင်ငံတကာကလည်းအမြင်ပဲ၊ ခုလည်း ဓာတ်ပုံတွေရော၊ ကင်မရာတွေရော၊ ဗွီဒီယိုတွေရော အားလုံးရှိနေတဲ့အတွက် ဦးဇင်းအနေနဲ့ ဘာမှပြောစရာအကြောင်းမရှိဘူး။ ငြိမ်းချမ်းစွာလုပ်ခဲ့တယ်ဆိုတာ အားလုံးလိုလိုမြင်ပြီးသားဖြစ်တယ်"

ဆန္ဒပြပွဲတွေနဲ့ မေတ္တာပို့ စီတန်းလမ်းလျှောက်ခဲ့ကြတဲ့ ကာလအတွင်း ဖောက်ခွဲရေးပစ္စည်းတွေရဲ့ပိုင်ရှင်လို့ စွပ်စွဲခံခဲ့ရတဲ့ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် နန်းဦးကျောင်းတိုက်မှာ သီတင်းသုံးခဲ့တဲ့ လက်ရှိ ထိုင်း–မြန်မာနယ်စပ်ကိုရောက်လာတဲ့ ဆရာတော် ဦးကောဝိဒ မိန့်ကြားသွားတာပါ။